# ရွှေဝါရောင်နေ့

## (စက်တင်ဘာလ ၂၆ ရက်)

တစ်နှစ်ပြည့်ခဲ့ပြီ၊ ဘုရားသားတော် ရဟန်းတော်တွေ၊ ငြိမ်းချမ်းစွာ လူထုကိုယ်စား သဘောထားထုတ်ဖော်ခဲ့ကြတာ။ ကမ္ဘာလောက ငြိမ်းချမ်း သာယာစေဖို့ ၊ အထူးသဖြင့် မြန်မာပြည်သူပြည်သားတွေ ငြိမ်းချမ်းစေဖို့၊ မေတ္တာပို့လမ်းလျှောက်ပွဲတွေ ပြုလုပ်ခဲ့ကြတာ။ သံဃာတော်တွေဆို တာက လူထုနဲ့ အမြဲထိတွေ့ဆက်ဆံနေ ကြရတာ မဟုတ်လား။ ဒကာ ဒကာမတွေ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းတဲ့ဆွမ်းကို ဘုန်းပေးပြီး ပရိယတ္တိ လုပ်ငန်းစဉ်၊ ပဋိပတ္တိလုပ်ငန်းစဉ်တွေကို အားထုတ်ကြရတာ။ အာဝါသသပ္ပါယ–နေရာထိုင်ခိုင်း ပြည့်စုံပါမှ၊ ဘောဇနသပ္ပါယ–ဘုန်းပေးစရာ ဆွမ်း၊ဆွမ်းဟင်းပြည့်စုံပါမှဒီလုပ်ငန်းစဉ်တွေကို ထိထိရောက်ရောက် လုပ်နိုင်မှာ။ ရဟန်းတော်တွေက အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ကြတာ မဟုတ်လို့ ဒကာဒကာမတွေကိုသာ အစစအရာရာ မှီခိုနေရတာ။ ဒီတော့ ဒကာတွေပြေလည်ပါမှ ရဟန်းတော်တွေလည်း အဆင်ပြေမှာပေါ့။ စိတ်အေးချမ်းသာ ကြောင့်ကြမဲ့စွာ သာသနာ့တာဝန်တွေ ထမ်းဆောင်နိုင်မှာပေါ့။




ဒကာတွေ စီးပွားရေး ကြပ်တည်းတော့ ရဟန်းတော်တွေမှာ ပစ္စည်းလေးပါး ချို့တဲ့နွမ်းပါးရတာပေါ့။ (နာမည်ကြီး၊ ဘုန်းကြီးကံကြီး ဆရာတော် အချို့တော့ ပိုလျှံကောင်း ပိုလျှံမှာပ။ ဒီအတွက်တော့ ချွင်းချက်ပေါ့)။ ရဟန်းတော်တွေအနေနဲ့ ကိုယ်နွမ်းပါးတာကို သည်းခံပြီးနေနိုင်ပေမယ့် ကိုယ့်ကိုယ်ထောက်ပံ့နေကြတဲ့ ဒကာဒကာမတွေရဲ့ ဆင်းရဲဒုက္ခ ကြီးလွန်းကြတာအတွက်တော့ လျစ်လျူရှု သည်းခံမနေနိုင်တော့ဘူးလေ။ တချိန်က ကိုယ့်ကို ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့သူအချို့ မျက်နှာအောက်ချပြီး ကိုယ့်ကျောင်းအပေါက်ဝမှာ ဆွမ်းကျန်, ဟင်းကြွင်း, အစွန့်ကို မျှော်နေရှာတာ။ ဒါတွေမြင်ရတော့ ဘယ်မှာလာလို့ ရင်ကိုအေးမြစေနိုင်တော့မှာလဲ။ သံဃာတော်တွေဆိုတာလည်း နာကျင်ကြေကွဲတတ်တဲ့ နှစ်လုံးသားနဲ့ပဲလေ။ ဘုရားသားတော်တွေပေမယ့် တိတ်တိတ်လေး ကြိတ်ကာရှိုက်ပြီး ငိုလိုက်မိခဲ့ကြရတယ်–တဲ့။ သံဃာတော်အချို့ရဲ့ စကား။

ဒီလိုဒုက္ခတွေကနေ အားလုံးလွတ်မြောက်စေဖို့က တစ်ခုတည်းရှိတယ်။ ဒါက မူမမှန်တဲ့ စနစ်ဆိုးကို ပြောင်းလဲပြုပြင်စေဖို့ပဲ။ ဒီအခြေအနေမျိုး ဖန်တီးဖို့က ကိုယ့်ကိုယ်ထောက်ပံ့နေတဲ့သူတွေမှာ အားမရှိကြဘူးလေ။ ဒီတော့ ဘုရားသားတော်ရဟန်းတော်တွေက မေတ္တာတရားကို ဘုရား ခန်းမှာ ငြိမ်းငြိမ်းချမ်းချမ်းလေးထိုင်ကာ ပွားရမည့်အစား လမ်းမတွေပေါ်မှာ, မိုးထဲလေထဲ ဆင်းရဲခံကာ ပို့သပွားများပြရတယ်။ ဒါ ရဟန်းတော် တွေရဲ့ အကောင်းဆုံးလုပ်နိုင်တဲ့ အလုပ်ပဲမဟုတ်လား။ အသိဉာဏ်ရှိသူတွေဆိုလျှင်တော့ ပြည်သူတွေနဲ့ တစ်ထပ်တစ်သားတည်းဖြစ်နေတဲ့ ရဟန်းတော်တွေရဲ့ လိုအင်ဆန္ဒကို မေတ္တာအပြည့်အဝနဲ့နာခံကာ ပြုပြင်သင့်စရာကို ပြုပြင်မှာပါ။

ဒါပေမယ့် အသိဉာဏ်ခေါင်းပါး၊ အကြင်နာတရားမဲ့သူတို့ကတော့ မေတ္တာသမားတွေကို ရန်သူအလား လက်နက်နဲ့ အကြမ်းဖက်ကာ ဖြိုခွဲဖျက် ဆီးခဲ့တယ်။ ရဟန်းတော်တွေရဲ့သွေးတွေ လမ်းမတွေပေါ်မှာ၊ မြစ်ထဲချောင်းထဲမှာ၊ ဘုရားရင်ပြင်နဲ့ ကျောင်းတလင်းပြင်ပါမကျန်၊ နေရာအနှံ့၊ ပျံ့ ကြဲလို့သွားခဲ့တယ်။ လမ်းပေါ်မှာရွှေဝါရောင်တွေ ကွယ်ပျောက်သွားပေမယ့် ရွှေဝါရောင်တော်လှန်ရေးကပေးခဲ့တဲ့ ရဲရင့်တဲ့စိတ်ဓာတ်တွေက တော့ လောကဓာတ်တစ်ခွင်လုံး ထိန်ထိန်တောက်လို့နေဆဲ။

ခုဆို မေတ္တာသမား၊ ငြိမ်းချမ်းရေးတမာန်တော် ရဟန်းတော်တွေသွေးမြေကျခဲ့တာတောင် တစ်နှစ်ပြည့်သွားပြီ။ ပြည်သူတွေဆင်းရဲအတွက် အသက်ပေးရင်းနှီးသွားတဲ့ ရဟန်းတော်တွေ၊ ကျောင်းသားပြည်သူတွေရဲ့သွေးတွေက နေရာအနှံ့မှာ ပျံ့နှံ့လို့စီးနေဆဲ။ ရဲဘက်စခန်းတွေမှာ၊ အကျဉ်းထောင်တွေထဲမှာ၊ နယ်စွန်နယ်စပ်များမှာ။ ကမ္ဘာမြေပြင်အနှံ့။

**မပြီးဆုံးသေးတဲ့ပန်းတိုင်အတွက် လျှောက်လှမ်းနေကြရတဲ့ခရီးစဉ်မှာ ရွှေဝါရောင်တော်လှန်ရေးက ပေးခဲ့တဲ့ စိတ်ဓာတ်နဲ့ခရီးဆက်နိုင်စေဖို့ ရွှေဝါရောင်နေ့ကို လေးလေးစားစား ဂုဏ်ပြုကြပါစို့။**

**FRIDAY, SEPTEMBER 26. 6:00-8:00 PM**

**UNION SQUARE, SANFRANCISCO**

**CONTACT: 510-220-1323,415-577-6505**

**BPF,BADA,BAWA,MOEMAKA,BYA & BURMA SUPPORTERS**